တစ်နှစ်ပတ်လုံး ရိုဇာဥပုသ်စောင့်ထိန်းသူမှာ (စင်စစ်) ရိုဇာဥပုသ်မစောင့်ထိန်းခဲ့ခြင်းသာ ဖြစ်၏

အဗ်ဒုလ္လာဟ် ဗင်န် အမ်ရ် ဗင်န် အာဆ်ွ (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ “အသင်သည်
တစ်နှစ်ပတ်လုံး ရိုဇာဥပုသ်စောင့်ပြီး တစ်ညလုံး ဆွလားသ်ဝတ်ပြုလေသလော” ဟု
ကိုယ်တော်မြတ်က မေးမြန်းရာ၊ ကျွန်ုပ်က “မှန်ပါသည်” ဟု လျှောက်ထားလေသည်။ ထိုအခါ
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က “အသင်သည် ထိုသို့ပြုလုပ်ခဲ့လျှင်မျက်စိများ အားနည်းလာပြီး ခန္ဓာကိုယ်မှာ ပင်ပန်းနွမ်းနယ်လာလိမ့်မည်။
တစ်နှစ်ပတ်လုံး ရိုဇာဥပုသ်စောင့်ထိန်းသူမှာ (စင်စစ်)
ရိုဇာဥပုသ်မစောင့်ထိန်းခဲ့ခြင်းသာ ဖြစ်၏။ (တစ်လလျှင်) သုံးရက်
ရိုဇာဥပုသ်စောင့်ထိန်းခြင်းသည် တစ်နှစ်ပတ်လုံး
ရိုဇာဥပုသ်စောင့်ထိန်းခြင်းနှင့် အတူတူပင် ဖြစ်သည်။” ဟု မိန့်တော်မူသည်။ ထိုအခါကျွန်ုပ်က “ကျွန်တော်မျိုးသည် ထို့ထက်ပို၍ တတ်စွမ်းနိုင်ပါသည်” ဟု လျှောက်ထားရာ
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က “သို့ဆိုလျှင်ဒါဝူဒ်(အလိုင်ဟစ္စလာမ်) ရိုဇာ‌စောင့်ထိန်းသကဲ့သို့ အသင်ရိုဇာစောင့်ထိန်းလော့။
၎င်းသည် တစ်ရက် ရိုဇာဥပုသ်စောင့်ထိန်းပြီး၊ တစ်ရက် ရိုဇာမထားဘဲနေလေ့ရှိသည်။
ထို့ပြင် ရန်သူနှင့် ရင်ဆိုင်ရချိန်တွင်လည်း ထွက်မပြေးပေ။” ဟု မိန့်တော်မူသည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ အိဗ်နုအမရ်(ရဿွိယလ္လာဟုအန်ဟု)သည်တစ်နှစ်ပတ်လုံး ဝါလွှတ်ခြင်းမရှိဘဲ ရိုဇာဥပုသ်စောင့်ထိန်းပြီး၊ တစ်ညလုံးဆွလာသ်ဝတ်ပြုနေကြောင်း သတင်းရောက်ရှိလာသောအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ၎င်းအား ထိုသို့ပြုလုပ်ခြင်းမှတားမြစ်တော်မူကာ “အသင် ရိုဇာ‌ဥပုသ်စောင့်ထိန်းပါ၊ ဝါလည်းလွှတ်ပါ၊ ည၌ ဆွလာသ်ဝတ်ပြုပါ၊အိပ်စက်အနားလည်း ယူပါ” ဟု မိန့်တော်မူခဲ့သည်။ ထို့ပြင်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ၎င်းအား တစ်နှစ်ပတ်လုံးရိုဇာစောင့်ထိန်း ခြင်းနှင့် တစ်ညလုံး (မအိပ်ဘဲ) ဆွလာသ်ဝတ်ပြုခြင်းမှတားမြစ်တော်မူကာ “အသင်သည် ထိုသို့ပြုလုပ်မည်ဆိုလျှင် သင်၏မျက်စိမှာ အားနည်းလာပြီးချိုင့်ဝင်သွားလိမ့်မည်။ သင်၏ ခန္ဓာကိုယ်မှာ အားနည်းလာပြီး နုံးချည့်လာလိမ့်မည်။တစ်နှစ်ပတ်လုံး ရိုဇာဥပုသ်စောင့်ထိန်းခဲ့၏။ (စင်စစ်) သူသည်ရိုဇာဥပုသ်မစောင့်ထိန်းခဲ့ခြင်းသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် တားမြစ်ချက်ကိုဖီဆန်သောကြောင့် ရိုဇာစောင့်ထိန်းခြင်း၏ အကျိုးကို မရရှိသည့်အပြင် (ရိုဇာအမြဲစောင့်ထိန်းခြင်းဖြင့် ခွင့်ပြုထားသည့် နေ့ရက်များတွင်ပါ မစားမသောက်ဘဲ) ဆက်လက်ရှောင်ကြဉ်ခြင်းကြောင့်ပင် ဖြစ်သည်။ ထို့နောက်တမန်တော်မြတ်(တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ၎င်းအား တစ်လလျှင် သုံးရက်ရိုဇာဥပုသ်စောင့်ထိန်းရန် လမ်းညွှန်တော်မူခဲ့ပြီး ယင်းသည် တစ်နှစ်ပတ်လုံးရိုဇာဥပုသ်စောင့်ထိန်းခြင်းနှင့် တူကြောင်း မိန့်ကြားခဲ့သည်။ အကြောင်းမှာ

https://sunnah.global/hadeeth/my/show/6017



